UNHCR
The UN Refugee Agency

# THAILAND

4 – 26 February 2016

## MEDIA MONITORING REPORT # 143

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင်ဦးဆောင်ရန်အတွက် UNFC မှအဖွဲ့သစ်ဖွဲ့စည်း

Irrawaddy News, 22 February 2016

ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ဆက်လက်ဖြစ်ပွားနေသည့်တိုက်ပွဲများနှင့်ပတ်သတ်၍အဖြေရှာရန်နှင့်လာမည့်အစိုးရနှင့်အတူငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်အတွက်အဖွဲ့နှစ်ဖွဲ့ဖွဲ့စည်းကာတာဝန်များပေးအပ်ခြင်းဖြင့်ထိုင်းနိုင်ငံ၌ပြုလုပ်သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏အစည်းအဝေးသည်တနင်္ဂနွေနေ့တွင်ပြီးဆုံးခဲ့သည်။



ထိုင်းနိုင်ငံမြောက်ပိုင်း၊ချင်းမိုင်မြို့တွင်ပြုလုပ်သော(၄)ရက်တာအစည်းအဝေးအတွင်းညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC) ၏ခေါင်းဆောင်အယောက်(၅၀)နီးပါးသည်ဖက်ဒရယ်အတွက်မျှော်မှန်းချက်များအပြင်နိုင်ငံ၏စစ်တပ်နှင့်နိုင်ငံရေးရာဖွံ့ဖြိုးတိုးတက်မှုများကိုပါဆွေးနွေးခဲ့ကြသည်

အစည်းအဝေးမှရရှိလာသောအကျိုးရလဒ်များထဲကတစ်ခုအနေဖြင့်မြန်မာနိုင်ငံ၏တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှဝါရင့်ညှိနှိုင်းဆွေးနွေးသူတစ်ဦးဖြစ်သောနိုင်ဟောင်စာဦးဆောင်သည့်အဖွဲ့ဝင်(၅)ဦးပါဝင်သောညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကိုဖွဲ့စည်းလိုက်ခြင်းပင်ဖြစ်သည်။

အဖွဲ့၏ရည်ရွယ်ချက်မှာ UNFC အဖွဲ့ဝင်ဖြစ်သည့်တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) နှင့်အဖွဲ့ဝင်မဟုတ်သည့်ရှမ်းပြည်နယ်တောင်ပိုင်းတပ်မတော်(SSA-S)တို့အတွင်းဖြစ်ပွားနေသည့်တင်းမာမှုများကိုလျှော့ချပေးရန်ဖြစ်သည်။

Link: http://www.irrawaddy.com/burma/stressing-unity-unfc-forms-new-team-to-lead-peace-dialogue.html

### မြန်မာအစိုးရနှင့်NCAလက်မှတ်ရေးထိုးခဲ့သည့်လက်နက်ကိုင်အဖွဲ့များမှတိုက်ပွဲများထပ်မံမဖြစ်ပွားစေဖို့ကာကွယ်ကြရန်သဘောတူ

Xinhua, 25 February 2016

မြန်မာအစိုးရ၊တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာအချုပ်လက်မှတ်ရေးထိုးခဲ့သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့်အရပ်သားအဖွဲ့များသည်နောက်ထပ်တိုက်ပွဲများထပ်မံမဖြစ်ပွားစေဖို့ကာကွယ်ရန်အတွက်နည်းလမ်းများရှာဖွေကြိုးပမ်းရန်သဘောတူညီခဲ့ကြသည်ဟုတစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးပူးတွဲကော်မတီ(JCMC) မှထုတ်ပြန်ကြေငြာချက်ကိုရည်ညွှန်းကာကြာသာပတေးနေ့တရားဝင်အစီရင်ခံစာတွင်ထုတ်ဖော်ပြောကြားခဲ့သည်။

JCMC မှရန်ကုန်ရှိမြန်မာ့ငြိမ်းချမ်းရေးစင်တာတွင်ပြုလုပ်သောသုံးရက်တာဆွေးနွေးမှုနောက်ဆက်တွဲအရအောက်တိုဘာလ(၁၅)ရက်နေ့တွင်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်ကိုလက်

မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းရရှိလာသောတိုးတက်မှုများကိုရည်ညွှန်းကာကြေငြာချက်တစ်စောင်ထုတ်ပြန်ကြေငြာခဲ့သည်၊အထူးသဖြင့်များမကြာမီကရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) /ရှမ်းပြည်တောင်ပိုင်းတပ် (SSA-S) နှင့်ရှမ်းပြည်မြောက်ပိုင်းရှိတအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အတွင်းတိုက်ပွဲများဖြစ်ပွားခဲ့ပြီးလူ (၄) ထောင်နီးပါးနေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

နောက်ထပ်တိုက်ပွဲများဖြစ်ပွားအောင်ပြုလုပ်သည့်မည်သည့်အဖွဲ့ကိုမဆို JCMC မှအရေးယူခွင့်ရှိကြောင်းပြောကြားခဲ့သည်၊ ကော်မတီအဖွဲ့ဝင်အားလုံးသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲတွင်စွဲစွဲမြဲမြဲကျန်ရှိနေစေရန်နှင့်တာရှည်ခိုင်မြဲသည့်ငြိမ်းချမ်းရေးရရှိဖို့အတွက်အရှိန်အဟုန်သစ်ဖြင့်လုပ်ဆောင်ကြရန်ထပ်ပေါင်းပြောကြားခဲ့သည်။

**Link:** http://news.xinhuanet.com/english/2016-02/25/c_135129527.htm

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### သမ္မတရွေးချယ်တင်မြှောက်ရန်အတွက်မတ်လ(၁၇)ရက်နေ့တွင်အစုအဖွဲ့လိုက်အစည်းအဝေးများကျင်းပရန်ပြည်ထောင်စုလွှတ်တော်မှကြေငြာ

The Global New Light of Myanmar, 9 February 2016

မြန်မာနိုင်ငံ၏နောင်လာမည့်သမ္မတနှင့်ဒုသမ္မတနှစ်ဦးရွေးချယ်တင်မြှောက်ရန်အတွက်မတ်လ(၁၇)ရက်နေ့တွင်အစုအဖွဲ့လိုက်အစည်းအဝေးများကျင်းပရန်ပြည်ထောင်စုလွှတ်တော်ကယမန်နေ့တွင်ကြေငြာခဲ့သည်။



အမျိုးသားလွှတ်တော်(အထက်လွှတ်တော်) ၊ ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်) နှင့်တပ်မတော်လွှတ်တော်ကိုယ်စားလှယ်စသည်တို့မှသုံးဦးအဆိုပြုရမည်ဖြစ်သည်။

ဒုတိယမြောက်လွှတ်တော်၏ပထမဆုံးအကြိမ်အစည်းအဝေးတွင်လွှတ်တော်နာယကမန်းဝင်းခိုင်သန်းမှမိမိအနေဖြင့်အဂတိတရားကင်းရှင်းစွာဖြင့်မိမိတို့နိုင်ငံအတွက်ဒီမိုကရေစီအခွင့်အလမ်းများပွင့်လန်းလာစေရေး၊နိုင်ငံသူနိုင်ငံသားများ၏အခြေခံလူ့အခွင့်အရေးများပိုမိုရရှိလာစေရေးတို့ကိုကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကတိပြုပြောကြားခဲ့သည်။

လွှတ်တော်အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့်ကိုယ်စားလှယ် (၆၅၃) ဦးအနက် (၆၄၈) ဦးတက်ရောက်ခဲ့ကြသည်။အစည်းအဝေးကိုယနေ့တွင်ဆက်လက်ကျင်းပခဲ့သည်။

**Link:** http://issuu.com/myanmarnewspaper/docs/9_feb_16_gnlm

### မြန်မာနိုင်ငံ၏သမ္မတရွေးချယ်မှုအပေါ်စိတ်ရှည်မှုရှိကြရန်ဒေါ်အောင်ဆန်းစုကြည်မှတိုက်တွန်း

Mizzima, 4 February 2016

ဆယ်စုနှစ်များစွာစစ်တပ်အုပ်ချုပ်မှုအောက်တွင်ကျရောက်နေခဲ့ပြီးနောက်နိုဝင်ဘာလရွေးကောက်ပွဲတွင်အောင်မြင်မှုအများအပြားရရှိခဲ့သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ကဒေါ်အောင်ဆန်းစုကြည်နှင့်သူမ၏ရာပေါင်းများစွာသောဥပဒေပြုအမတ်များသည်တနင်္လာနေ့တွင်လွှတ်တော်၌နေရာရရှိလာခဲ့ခြင်းနှင့်အတူနိုင်ငံသားများသည်ပြန်လည်ပြုပြင်ရန်အတွက်မျှော်လင့်ချက်များထားရှိလာကြသည်။



သို့သော်လည်းယခင်စစ်အစိုးရရေးဆွဲထားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင်သူမအားသမ္မတဖြစ်ရန်တားဆီးခြင်းခံထားရသည့်ဒီမိုကရေစီချန်ပီယံမှအစိုးရဖွဲ့ရန်အတွက်အချိန်မကျသေးပါဘူးဟုပြောကြားခဲ့သည်။

လွှတ်တော်သစ်စတင်သည့်နောက်သူမ၏ပထမဆုံးအကြိမ်ကျင်းပသောသတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့ခြင်းဖြစ်သည်။

"စိတ်မလှုပ်ရှားကြပါနဲ့။အချိန်တန်ရင်သိရမှာပါ"ဟုဒေါ်အောင်ဆန်းစုကြည်ကသတင်းထောက်များကိုပြောကြားခဲ့သည်၊ပါတီအနေနဲ့သမ္မတလောင်းရွေးချယ်တာ၊အကြံပြုတာတွေနဲ့ပတ်သတ်ပြီးဂရုတစိုက်စဉ်းစားလုပ်ဆောင်ရမှာဖြစ်ပြီးနောက်လထိတိုင်အောင်ဆုံးဖြတ်ချက်ချမည်မဟုတ်သေးကြောင်းထပ်ပေါင်းပြောကြားခဲ့သည်။

လွှတ်တော်နှစ်ရပ်စလုံးနှင့်စစ်တပ်မှရွေးချယ်ထားသည့်အဖွဲ့ဝင်များကိုမတ်လသမ္မတသက်တမ်းကျန်ရှိနေသေးထိကျန်ရှိနေသေးသည့်သမ္မတဦးသိန်းစိန်နေရာတွင်အစားထိုးရန်အတွက်သင့်တော်သူကိုယ်စားလှယ်လောင်း (၃) ဦးကိုအဆိုပြုရမည်ဖြစ်သည်။

**Link:** http://mizzima.com/latest-news-news-domestic/suu-kyi-urges-patience-over-myanmar-presidency-decision#sthash.sQ4I6Z5J.dpuf

## မွန်ပြည်နယ်၏ရွေးကောက်ခံပထမဦးဆုံးအမျိုးသမီးမွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

The Irrawaddy, 10 February 2016

မွန်ပြည်နယ်၊သံဖြူဇရပ်မြို့မဲဆန္ဒနယ်မြေမှလွှတ်တော်အမတ်တစ်ဦးဖြစ်သူဒေါ်တင်အိသည်မြန်မာနိုင်ငံ၏မွန်ပြည်နယ်လွှတ်တော်တွင်ပထမဦးဆုံးအမျိုးသမီးဥက္ကဋ္ဌတစ်ဦးဖြစ်လာသည်။

မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်း(၁၄)ခုဥပဒေပြုလွှတ်တော်တွင်ပြောရေးဆိုခွင့်ရှိသူဥက္ကဋ္ဌနှင့်ဒု-ဥက္ကဋ္ဌနေရာများကိုတနင်္လာနေ့တွင်ရွေးကောက်တင်မြှောက်ခဲ့ရာရခိုင်နှင့်ရှမ်းပြည်နယ်များမှလွဲ၍ပြည်နယ်အဆင့်လွှတ်တော်နေရာများအားလုံးတွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှနေရာရရှိခဲ့သည်။



သူမအားမွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ်ခန့်ထားမည်ဖြစ်ကြောင်းကိုတနင်္ဂနွေနေ့ကမှသူမသိခဲ့ရကြောင်းအသက်(၇၁)အရွယ်ရှိဒေါ်တင်အိကပြောပြခဲ့သည်။ပြည်နယ်နှင့်တိုင်းလွှတ်တော်များအတွက်ကျင်းပသည့်အစည်းအဝေးပထမဆုံးနေ့ဖြစ်သောဖေဖော်ဝါရီလ(၈)ရက်နေ့တွင်နေရာများရွေးချယ်ခြင်းကိုအပြီးသတ်ရွေးချယ်ခဲ့သည်။

၁၉၈၈ခုနှစ်ကတည်းကပင် NLD ဝါရင့်အဖွဲ့ဝင်တစ်ဦးဖြစ်သည့်ဒေါ်တင်အိသည်၁၉၉ဂခုနှစ်ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်းမွန်အမျိုးသားဒီမိုကရက်တစ်တပ်ဦးမှကိုယ်စားလှယ်လောင်းတစ်ဦးကိုရှုံးနိမ့်ခဲ့သည်။ မွန်ပြည်နယ်၌ဥပဒေရေးရာတွင်အတွေ့အကြုံ(၃၅)နှစ်ရှိသည့်လက်ရှိတွင်လည်းရှေ့နေတစ်ဦးဖြစ်သူဒေါ်တင်အိသည်ဒေသကြီးလွှတ်တော်မှတဆင့်ဥပဒေကဏ္ဍကိုပြန်လည်ပြင်ဆင်နိုင်ရန်မျှော်မှန်းထားသည်။

ယခုလက်ရှိတွင်ဒေါ်တင်အိသည်ပြီးခဲ့သည့်ပြည်နယ်အဆင့်တရားရေးရာများမှအတည်ပြုပြဋ္ဌာန်းခဲ့သည့်ဥပဒေများ

ကိုပြန်လည်သုံးသပ်နေပြီးအခြားအတည်မပြုခဲ့သည့်ဥပဒေများကိုမည်သို့ကြောင့်အတည်မပြုဖြစ်သည်ဆိုသည်ကိုချင့်ချိန်အကဲဖြတ်နေသည်။

**Link:** http://www.irrawaddy.com/burma/mon-state-elects-parliaments-first-female-speaker.html

## အာဏာလွှဲပြောင်းပေးရေးဆွေးနွေးရန်မြန်မာအစိုးရမှအတိုက်အခံပါတီနှင့်တွေ့ဆုံ

Radio Free Asia, 24 February 2016

မြန်မာအစိုးရ၏ကိုယ်စားလှယ်များသည်အတိုက်အခံပါတီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)အဖွဲ့နှင့်အတူဧပြီလ(၁)ရက်နေ့တွင်တရားဝင်အာဏာလွှဲပြောင်းရေးနှင့်ပတ်သတ်၍ဆွေးနွေးရန်အတွက်နေပြည်တော်၌ဗုဒ္ဓဟူးနေ့တွင်တွေ့ဆုံခဲ့သည်ဟုသမ္မတရုံးမှအဖွဲ့ဝင်တစ်ဦးကပြောခဲ့သည်။



"ဒီနေ့အစည်းအဝေးကတော့အာဏာလွှဲပြောင်းရေးအခမ်းအနားကိုသမ္မတအိမ်တော်မှာကျင်းပဖို့အတွက်အစီအစဉ် ရေးဆွဲတာနဲ့ပတ်သတ်ပြီးအဓိကအာရုံစိုက်ဆွေးနွေးခဲ့ပါတယ်" ဟုအစည်းအဝေးတက်ရောက်လာသည့်သမ္မတရုံးမှဒုတိယလက်ထောက်ညွှန်ကြားရေးမှူးဖြစ်သူဦးဇော်ဌေးက RFA မြန်မာပိုင်းသို့ပြောခဲ့သည်။

ဒီဇင်ဘာလအစောပိုင်းတွင်ပြုလုပ်သည့်သမ္မတဦးသိန်းစိန်နှင့်NLDဥက္ကဌဒေါ်အောင်ဆန်းစုကြည်တို့အတွင်းတွေ့ဆုံဆွေးနွေးမှုနောက်ဆက်တွဲအရအာဏာလွှဲပြောင်းရေးကျင်းပပေးရန်အတွက်ပံ့ပိုးကူညီမှုကော်မတီတစ်ရပ်ကိုအစိုးရကဖွဲ့စည်းခဲ့သည်။

**Link:** http://www.rfa.org/english/news/myanmar/myanmar-government-team-meets-wtih-opposition-party-to-discuss-power-transfer-02242016162217.html

# စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

## လာအိုမှမြန်မာသို့လျှပ်စစ်ဓာတ်အားတင်သွင်းမည်

Mizzima, 4 February 2016

များမကြာမီအနာဂတ်တွင်လာအိုမှမြန်မာသို့လျှပ်စစ်ဓာတ်အား(၃၀၀)မီဂါဝပ်ခန့်တပ်ဆင်တင်သွင်းမည်ဟုမြန်မာမှမျှော်မှန်းထားကြောင်းဖေဖော်ဝါရီလ(၃)ရက်နေ့တွင် Vientiane Times မှအစီရင်ခံဖော်ပြခဲ့သည်။




မကြာသေးမီကကျင်းပသည့်ပါတီ၏ဆဋ္ဌမအကြိမ်မြောက်ပါတီကွန်ကရက်တွင်စွမ်းအင်နှင့်သတ္တုတွင်းဝန်ကြီးဌာန၏ပါတီအတွင်းရေးမှူးဖြစ်သူ Dr Khammany Inthirath ကလာအိုသည်ယခုနှစ်တွင်မြန်မာနိုင်ငံသို့လျှပ်စစ်ဓာတ်အားကနဦးစတင်တင်သွင်းမည်ဖြစ်ကြောင်းအစီရင်ခံပြောကြားခဲ့သည်။

လာအို၏လောင်နန်သာခရိုင်နှင့်နီးကပ်စွာတည်ရှိသောမြန်မာနိုင်ငံရှိကျေးရွာအနည်းငယ်၌အသုံးပြုနိုင်ရန်အတွက်ကနဦးတင်သွင်းမှုများပြုလုပ်ရာတွင်အရေအတွက်အနည်းငယ်မျှကိုသာကနဦးတင်သွင်းမည်ဖြစ်ကြောင်းစွမ်းအင်နှင့်သတ္တုတွင်းဒု

တိယဝန်ကြီး  Viraphonh Viravong ကရှင်းပြခဲ့သည်။

**Link:** http://mizzima.com/latest-news-news-domestic/myanmar-import-electricity-laos

## KNU မှ မြဝတီနှင့်ပုသိမ် ဘတ်စ်ကားလိုင်းပြေးဆွဲမည်

Mizzima News, 5 February 2016

ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ(၇)သည်၄င်းတို့၏ကုမ္ပဏီဖြစ်သည့်ခရီးသည်တင်ယာဉ်ဒို့မိတ်ဆွေ အဝေးပြေးဘတ်စ်ကားလိုင်းကိုမြဝတီ၊ရန်ကုန်နှင့်ပုသိမ်မြို့တို့အတွင်း (KNU) ၏ပထမဆုံးအဝေးပြေးဘတ်စ်ကား လိုင်းအဖြစ်စတင်ပြေးဆွဲမည်ဖြစ်သည်။




ဒို့မိတ်ဆွေဘတ်စ်ကားကုမ္ပဏီသည် KNU တပ်မဟာ(၇)ပိုင်ဆိုင်သည့်မိုးကိုစန်းကုမ္ပဏီ၏ကုမ္ပဏီခွဲတစ်ခုဖြစ်သည်။

"ဘတ်စ်ကားလိုင်းအတွက်ကျွန်တော်တို့ပုသိမ်မှာဂိတ်ငှားထားပြီးပါပြီ၊ဒါပေမယ့်တချို့လိုအပ်တာတွေလုပ်ရအုံးမှာမို့လို့ကျွန်တော်တို့ကားပြေးဆွဲတာကိုမတ်လမှာပဲစတင်ပြေးဆွဲမှာပါ " ဟုဒို့မိတ်ဆွေလုပ်ငန်းမန်နေဂျာစောထရူးမန်းကပြောပြခဲ့သည်။

ဇန်နဝါရီလ(၂၄)ရက်နေ့မှစ၍ဒို့မိတ်ဆွေသည်မြဝတီမှရန်ကုန်နှင့်မြဝတီမှတောင်ငူသို့ထိုင်ခုံ(၁၅)ခုံပါဟိုင်းအေ့စ်ဘတ်စ်ကားများကိုအသုံးပြုကာပြေးဆွဲနေပြီဖြစ်သည်။

ယာဉ်စီးခမှာမြဝတီမှရန်ကုန်သို့တစ်ဦးလျှင်တစ်သောင်းငါးထောင်(၁၅၀၀၀) ကျပ်၊မြဝတီမှတောင်ငူသို့တစ်သောင်းသုံးထောင့်ငါးရာ (၁၃၅၀၀)ကျပ် နှင့် မြဝတီ မှ ပုသိမ်သို့နှစ်သောင်း (၂၀၀၀၀)ကျပ်ဖြစ်သည်ဟုဒို့မိတ်ဆွေတာဝန်ရှိသူများ၏ပြောပြချက်အရသိရှိရသည်။

မိုးကိုစန်းကုမ္ပဏီသည်မြဝတီနှင့်ဘားအံမြို့တွင်ရုံးခန်းများထားရှိသည်။

**Link**: http://www.mizzima.com/latest-news-business-domestic/knu-start-myawaddy-pathein-bus-service

## မော်လမြိုင်နှင့်ဖော့ဝိန်းမြို့ကိုညီအစ်မမြို့အဖြစ်တရားဝင်သတ်မှတ်

Mon News Agency, 9 February 2016



မွန်ပြည်နယ်၏မြို့တော်ဖြစ်သောမော်လမြိုင်မြို့နှင့်အမေရိကန်ပြည်ထောင်စုရှိအင်ဒီယန်းနားပြည်နယ်မှဖော့ဝိန်းမြို့တို့အားညီအစ်မမြို့တော်အဖြစ်တရားဝင်တည်ထောင်ခြင်းသဘောတူညီမှုကိုကြာသာပတေးနေ့တွင်လက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုးခြင်းအခမ်းအနားကိုဖေဖော်ဝါရီလ(၄)ရက်နေ့၌မော်လမြိုင်မြို့ရှိမွန်ပြည်နယ်အစိုးရရုံး၊အောင်ဆန်းခန်းမတွင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအားမွန်ပြည်နယ်ဝန်ကြီးဦးအုန်းမြင့်၊ပြည်နယ်အစိုးရအရာရှိများနှင့်ဖော့ဝိန်းမြို့မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။မြို့နှစ်မြို့စလုံးမှအစိုးရများသည် ၂၀၁၂ ခု နှစ်ကတည်းကပင်ညီအစ်မမြို့ဖြစ်လာစေရန်ဆောင်ရွက်ခဲ့ကြသည်။

မွန်ပြည်နယ်၊မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဒေါက်တာတိုးတိုးအောင်၏ပြောကြားချက်အရသဘောတူညီချက်

တွင်ရိုးရာယဉ်ကျေးမှုနှင့်ကုန်သွယ်မှုများဖလှယ်မည့်အစီအစဉ်ပါဝင်သည်။

မွန်ပြည်နယ်မှစီးပွားရေးလုပ်ကိုင်သည့်သူများ၊အနုပညာသည်များနှင့်ပညာသင်ဆုများစသည်တို့အားအခြားတဖက်မှအဆင့်တူပုဂ္ဂိုလ်များထံသို့ဗဟုသုတများနှင့်အတွေ့အကြုံများကိုဝေမျှရန်အတွက်ယခုအခါဖော့ဝိန်းမြို့သို့ခရီးသွားလာနိုင်ပြီဖြစ်သည်။

သဘောတူညီမှုတစ်စိတ်တစ်ပိုင်းအနေဖြင့်နှစ်နိုင်ငံသည်၂၀၁၇ခုနှစ်တွင်လူငယ်ဖလှယ်ခြင်းအစီအစဉ်ကိုစတင်မည်ဖြစ်သည်။ပါဝင်မည့်အသက်(၂၁)နှစ်အောက်လူငယ်များကိုညီအစ်မမြို့တစ်မြို့စီရှိအထက်တန်းကျောင်းများနှင့်တက္ကသိုလ်များထံသို့သွားရောက်လည်ပတ်လေ့လာရန်ဖိတ်ကြားမည်ဖြစ်သည်။

**Link:** http://monnews.org/2016/02/08/moulmein-and-fort-wayne-official-sister-cities/

## လိပ်သိုမြို့နယ်တွင်လျှပ်စစ်မီးရရှိတော့မည်

The Global New Light of Myanmar, 13 February 2016

ကရင်ပြည်နယ်၊ဘားအံခရိုင်ရှိလိပ်သိုမြို့နေထိုင်သူများသည်၃၃/၁၁KV 5MVA ဓာတ်အားပါဝါရုံခွဲအားတပ်ဆင်ပြီးနောက်ပိုင်းတွင်လျှပ်စစ်မီးမကြာမီရရှိတော့မည်ဖြစ်သည်ဟုစီမံကိန်းအင်ဂျင်နီယာတစ်ဦးကပြောပြခဲ့သည်။

လျှပ်စစ်ဖြန့်ဖြူးရေးဌာနသည်ကရင်ပြည်နယ်အစိုးရ၏ငွေကြေးရန်ပုံငွေဖြင့်ပါဝါရုံခွဲဆောက်လုပ်ခြင်းတွင်ပိုမိုအားထုတ်ကြိုးပမ်းဆောင်ရွက်နေသည်။

“ကျွန်တော်တို့လျှပ်စစ်မီးကိုလိပ်သိုမြို့တစ်မြို့တည်းကိုသာမကပဲမြို့အနီးအနားဝန်းကျင်နှစ်မိုင်အကွာမှာတည်ရှိတဲ့ဒေသတွေကိုပါလျှပ်စစ်မီးဖြန့်ဖြူးပေးမှာပါ။ဒီနှစ်မှာဆိုလာစနစ်ကနေတဆင့်အနီးအနားကကျေးရွာတွေကိုလျှပ်စစ်မီးပံ့ပိုးပေးဖို့ကျွန်တော်တို့စီစဉ်နေပါတယ် ” ဟုမြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးချစ်ကိုကိုကပြောပြခဲ့သည်။

၁၉၆၉ခုနှစ်ကတည်းကပင်မြို့နယ်တွင်နေထိုင်သူများသည် ၁၀၀VAလျှပ်စစ်ဓာတ်အားမှတဆင့်လျှပ်စစ်ဗို့အားအနည်းငယ်သာရရှိခဲ့သည်။

တိုင်းဒေသကြီးအစိုးရငွေကြေးရန်ပုံငွေဖြင့်မြို့နယ်လျှပ်စစ်ဌာနသည်မြို့နယ်တစ်လျှောက်တွင်မကြာသေးမီကပင်ကွန်ကရစ်အောက်ခံဖြင့်သစ်သားလမ်းမီးတိုင်များအသစ်လဲလှယ်တပ်ဆင်ထားရှိခဲ့သည်။

တိုင်းဒေသကြီးအစိုးရငွေကြေးရန်ပုံငွေဖြင့်လျှပ်စစ်ဌာနသည်မြို့နယ်တလျှောက်တွင်မကြာသေးမီကပင်ကွန်ကရစ်အောက်ခံဖြင့်သစ်သားလမ်းမီးတိုင်များအသစ်လဲလှယ်တပ်ဆင်ထားရှိခဲ့သည်။

**Link:** https://issuu.com/myanmarnewspaper/docs/13_feb_16_gnlm

## လှိုင်ကော်မြို့ထဲရှိတံတားပြီးစီးလုနီးပါးဖြစ်နေပြီ

The Global New Light of Myanmar, 26 February 2016

ကရင်ပြည်နယ်အစိုးရမှငွေကြေးရန်ပုံငွေခွဲဝေချထားပေးမှုဖြင့်ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိပြည်သူ့လမ်းတံတားဆောက်လုပ်ရေးဌာနသည်ကယားပြည်နယ်ရှိလှိုင်ကော်မြို့ထဲတွင်တောင့်တင်းခိုင်မာသည့်ကွန်ကရစ်တံတားတစ်စင်းဆောက်လုပ်နေသည်။တံတားဆောက်လုပ်ခြင်းကို၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၂၆)ရက်နေ့တွင်စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ယခုအခါဆောက်လုပ်ရေးတွင်(၈၀)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်ဟုစီမံကိန်းခေါင်းဆောင်အင်ဂျင်နီယာဦးအောင်မြင့်သိန်းကပြောခဲ့သည်။

မြန်မာကျပ်ငွေသန်း(၈၀၀) (ယူအက်စ်ဒေါ်လာ၆၄၆ ၇၂၆)ကုန်ကျသည့်ကွန်ကရစ်ခံပေ(၃၀၀)ရှိသည့်တံတားကိုလူ

သွားလမ်းနှစ်လမ်းသွားဖြင့်အခိုင်အမာဆောက်လုပ်ထားသည်။

တံတားသည်အလေးချိန်တန်ချိန်တုန်(၆၀)ခံနိုင်ရည်ရှိသည်ဟုအင်ဂျင်နီယာမှပြောပြခဲ့သည်။ဆောက်လုပ်ရေးကို မတ်လတွင်အပြီးသတ်ပြီးစီးရန်သတ်မှတ်ထားသည်။ကယားပြည်နယ်အစိုးရတွင်သယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်သူဦးချစ်လှကတံတားဆောက်လုပ်ရေးကိုကြည့်ရှုစစ်ဆေးခဲ့ပြီးအချိန်မီပြီးစီးရန်အတွက်ဆောက်လုပ်သူများကို ပြောကြားခဲ့သည်။

**Link:** https://issuu.com/myanmarnewspaper/docs/26_feb_16_gnlm

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren